


# ဆိတ်၊ ခွေး နဲ့ နွား

Fabian Wakholi
Marleen Visser, Ingrid Schechter
Naw Thazin Hpway
2
မြန်မာဘာသာ my




ဆိတ်၊ ခွေးနဲ့ နွားဟာ သိပ်ကောင်းတဲ့သူငယ်ချင်းတွေ ဖြစ်ကြပါတယ်။ တစ်နေ့ကြတော့ သူတို့ဟာ တက္ကစီနဲ့ ခရီးထွက်ကြပါတယ်။



သူတို့သွားတဲ့ ခရီးဆုံးတဲ့အခါ ကားဆရာက သူတို့ကို ကားခတောင်းပါတယ်။ နွားကသူ့အတွက် ပေးလိုက်ပါတယ်။



ခွေးက ပေးဖို့ငွေအေတိအကျမရှိတဲ့အတွက် ပိုပိုသာသာ
ပေးလိုက်ပါတယ်။



ကားဆရာအနေနဲ့ ခွေးကိုငွေပြန်အမ်းဖို့လုပ်တဲ့အချိန်မှာ ဆိတ်ကဘာမှမပေးဘဲနဲ့ ပြေးသွားပါတယ်။



ကားဆရာက အရမ်းကိုစိတ်ဆိုးသွားပါတယ်။ သူဟာ ခွေးအတွက်ပန်ြပေးရမယ့်ပိုက်ဆံကိုမပေးဘဲ မောင်း ထွက်သွားပါတယ်။



အဲ့ဒါကြောင့် ဒီနေ့အထိ ကားကိုတွေ့ရင် ခွေးကကားဆီပြေးသွားပြီးကားထဲကိုချောင်းကြည့်ကာ သူရမယ့်ပြန်အမ်းငွေကိုပေးမယ့် ကားဆရာကိုလိုက်ရှာပါတယ်။



ကားသံကြားတာနဲ့ ဆိတ်ကပြေးတော့တာဘဲ။ သူကား ခမပေးခဲ့တာကို ဖမ်းမှာစိုးရိမ်လို့ဖြစ်ပါတယ်။



နွားကတော့ ကားလာရင်တောင်မမှုပါဘူး။ သူက ကား ခအပြည့်ပေးပြီးတာကိုသိတဲ့အတွက် ကားလမ်း ဖြတ်တဲ့အခါ အချိန်ယူပြီးဖြတ်ပါတယ်။

# Global Storybooks

globalstorybooks.net

## ဆိတ်၊ ခွေး နဲ့ နွား

Fabian Wakholi
Marleen Visser, Ingrid Schechter
Naw Thazin Hpway

CC BY